# ဂျပန်နိုင်ငံသို့ လာရောက်ရန် စီစဉ်ထားသော သူများအတွက် ကိုင်တွယ်ဖြေရှင်းမှု

၂၀၂၀ခုနှစ်　ဇွန်လ　၂၆ရက်
(၂၀၂၁ခုနှစ် ဇူလိုင်လ ၅ရက်တွင် မွမ်းမံသည်)
လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်ရေးရာစီမံခန့်ခွဲရေးဌာန

## ၁　နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် ရရှိထားသူများ သို့မဟုတ် နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် ရရှိရန် လျှောက်ထားသူများ

**①　နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် ရရှိထားသူများ**

ပုံမှန်မှာ ၃လအကြာထိ သက်တမ်းရှိသော်လည်း၊ ခြွင်းချက်အနေဖြင့် အောက်ပါအတိုင်းကိုင်တွယ်ဖြေရှင်းပါမည်။

○၂၀၂၀၊ ဇန်နဝါရီလ ၁ရက် မှ ၂၀၂၁၊ ဇူလိုင်လ ၃၁ရက် အထိတွင် ပြုလုပ်ခဲ့သော နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်သည် ၂၀၂၂၊ ဇန်နဝါရီလ ၃၁ရက် အထိ တရားဝင် လက်မှတ်အဖြစ် သတ်မှတ်ပေးမည်။

○၂၀၂၁၊ ဩဂုတ်လ ၁ရက် မှ ၂၀၂၂၊ ဇန်နဝါရီလ ၃၁ရက် အထိတွင် ပြုလုပ်ခဲ့သော နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်သည် ပြုလုပ်ခဲ့သည့်နေ့မှစ၍ ၆လကြာ တရားဝင် လက်မှတ်အဖြစ် သတ်မှတ်ပေးမည်။

*နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် ဆိုသည်မှာ ထုတ်ပေးသည့်အချိန်မှ စ၍ ဆိုက်ရောက်အခြေအနေအတွက် လုံလောက်တဲ့ တရာဝင် အသိအမှတ်ပြု လက်မှတ် ဖြစ်ပါသည်။ သက်တမ်းတိုးကာလကို အလွန်အကျွံတိုးချဲ့ခြင်းနှင့် စပ်လျင်း၍ ဖြစ်နိုင်ခြေက ဝင်ရောက်အချိန်နှင့် နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် ထုတ်ပေးသည့်အချိန်တွင် အခြေအနေများ ပြောင်းလဲခြင်းဖြစ်နိုင်ခြေကို တိုးစေနိုင်သည်။ ဒါကြောင့် နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် သက်တမ်းတိုးကာလကို အထက်တွင် ဖော်ပြထားသော အချိန်ကာလတစ်ခု ပြီးဆုံးပြီးနောက် ထပ်မံ၍ တိုးချဲ့မည်မဟုတ်ပါ။ သို့သော်လည်း နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်အတွက် လျှောက်ထားခြင်းကို ၂၀၂၂၊ ဇူလိုင်လ ၃၁ ရက်နေ့တွင်ဖြစ်စေ၊ ပြီးနောက်ဖြစ်စေ၊ ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်ရေးရာစီမံခန့်ခွဲရေးဌာနမှ သတ်မှတ်ထားသောနေ့ မတိုင်မီတွင် ယခင်လျှောက်လွှာမှ ပြောင်းလဲမှုမရှိသော လျှောက်ထားမှုများအတွက် မြန်ဆန်သော နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် အသစ်ကို စည်းကမ်းချက်များအရ လျှောက်ထားသူသည် (၁) ယခင်ကထုတ်ပေးခဲ့သော နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် (မူရင်း (သို့) မိတ္တူ) နှင့် (၂) လက်ခံအေဂျင်စီမှ ရေးသားထားသော အကြောင်းပြစာ စသည်ဖြင့် တင်ပြလျှင် ထုတ်ပေးပါမည်။ ※ အသေးစိတ်ကို ဤနေရာ တွင်ကြည့်ပါ။

**②　နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် ရရှိရန် လျှောက်ထားသူများ**

လက်ရှိတွင် လျှောက်ထားဆဲဖြစ်သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လုပ်ရှားမှုစတင်ချိန်ကို ပြောင်းလဲပါက၊ မူဝါဒအနေဖြင့် လက်ခံအေဂျင်စီမှ ရေးသားထားသော အကြောင်းပြစာကိုသာ သုံးသပ်စစ်ဆေးပါမည်။

## ၂　နေထိုင်ခွင့်လျှောက်ထားစဉ်အတွင်း ပြန်လည်ပြည်ဝင်ခွင့်ဖြင့် ဂျပန်မှထွက်ခွာသွားသူများ

ပြန်လည်ပြည်ဝင်ခွင့် (ယာယီပြန်လည်ပြည်ဝင်ခွင့် ပါဝင်သည်)ဖြင့် ဂျပန်မှထွက်ခွာနေဆဲသူများမှာ မထွက်ခွာမီ နေထိုင်ခွင့်ကာလပြောင်းလဲမှုခွင့်ပြုရန်လျှောက်လွှာ သို့မဟုတ် အမြဲတမ်းနေထိုင် ခွင့်လျှောက်လွှာကို လျှောက်ထားပြီး၊ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြည်လည်ပြည်ဝင်မှု မလုပ်နိုင်ပါက၊ ဂျပန်နိုင်ငံတွင်ရှိနေသော မိသားစု သို့မဟုတ် လက်ခံသောအေဂျင်စီမှ ဝန်ထမ်းက သက်ဆိုင်ရာ ခွင့်ပြုချက်များနှင့် စပ်လျဉ်း၍ နေထိုင်ခွင့်ကတ်ပြား၏ ကိုယ်စားလှယ်လက်ခံလွှာကို အသိအမှတ်ပြုပါက၊ ဂျပန်မှထွက်ခွာနေဆဲသူများမှာ ပြန်လည်ပြည်ဝင်ခွင့်ဖြင့် ပြည်ဝင်ခွင့်လျှောက်လွှာတင်နိုင်သည်။

## ၃　ပြန်လည်ပြည်ဝင်ခွင့်ဖြင့် ဂျပန်မှထွက်ခွာနေဆဲတွင်　ပြန်လည်ပြည်ဝင်ခွင့်ကာလကို ကျော်လွန်သွားသော သူများအတွက်

①　နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် မရရှိနိုင်သူများ ("အမြဲတမ်းနေထိုင်သူ"များ)

နိုင်ငံခြားတွင် နေထိုင်နေစဉ် နိုင်ငံခြားသံတမန်ရေးရာဦးစီးဌာနတွင် ဗီဇာလျှောက်ပါ။

※"အမြဲတမ်းနေထိုင်သူ"များနှင့် စပ်လျဉ်း၍ အသေးစိတ်ကို ဤနေရာတွင် ကြည့်ပါ။

※"အမြဲတမ်းနေထိုင်သူ (အသိပေးခြင်းမရှိ)" သို့မဟုတ် "အထူးလုပ်ရှားမှုပြုသူ(အသိပေးခြင်းမရှိ)"များနှင့် စပ်လျဉ်း၍ အသေးစိတ်ကို ဤနေရာတွင် ကြည့်ပါ။

②　နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် ရရှိနိုင်သူများ (ပညာတော်သင်ကျောင်းသား၊ ကျွမ်းကျင်သင်တန်းသား၊ နည်းပညာနှင့် လူမှုသိပညာ၊ နိုင်ငံတကာရေးရာ စသည်)

ဂျပန်နိုင်ငံတွင် အလယ်အလတ်နှင့် ကာလရှည်ကြာ နေထိုင်သူ (ပညာတော်သင်ကျောင်းသား၊ ကျွမ်းကျင်သင်တန်းသား စသည်) အနေဖြင့် နေထိုင်နေသူများမှာ　ပြန်လည်ပြည်ဝင်ခွင့်ဖြင့် ဂျပန်မှ ထွက်ခွာနေဆဲတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြည်လည်ပြည်ဝင်မှု မလုပ်နိုင်ဘဲ၊ နေထိုင်ခွင့်ကာလကို ကျော်လွန်သွားပြီး၊ အသစ်တစ်ဖန် နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ် လျှောက်ထားသူများနှင့် စပ်လျဉ်း၍ မူဝါဒအနေဖြင့် လျှောက်လွှာနှင့် လက်ခံအေဂျင်စီမှ ရေးသားထားသော အကြောင်းပြစာကိုသာ သုံးသပ်စစ်ဆေးပါမည်။ ※ အသေးစိတ်ကို ဤနေရာတွင် ကြည့်ပါ။

③　"အဆင့်မြင့်ကျွမ်းကျင်ဝန်ထမ်း အမှတ်စဉ် ၂" အနေဖြင့် နေထိုင်နေဆဲသူများ

② နှင့်စပ်လျဉ်း၍ "အဆင့်မြင့်ကျွမ်းကျင်ဝန်ထမ်း အမှတ်စဉ် ၁" အနေဖြင့် ယခင်လုပ်ရှားမှုများအလိုက် နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ်ကို လျှောက်ထားပါ။

("အဆင့်မြင့်ကျွမ်းကျင်ဝန်ထမ်း အမှတ်စဉ် ၁"အတွက် ဗီဇာကို လက်ခံရရှိနိုင်မည်ဖြစ်သော်လည်း၊ ဂျပန်နိုင်ငံသို့ဝင်ရောက်ချိန်တွင် ဂျပန်နိုင်ငံရှိလေဆိပ်၌ "အဆင့်မြင့်ကျွမ်းကျင်ဝန်ထမ်း အမှတ်စဉ် ၂" အဖြစ် အသစ်တစ်ဖန် နိုင်ငံသို့ဝင်ရောက်ရန် လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်နိုင်မည်။)